# စကားဦး

၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလမှာ ဝေါလ်စထရိဂျာနယ်က ဂျက်ဝဲလ်ချ်အနေနဲ့ သူ့ရဲ့ဆက်ခံသူရွေးချယ်ပုံနဲ့စပ်လျဉ်းပြီး ကျွန်တော့်ရဲ့ထင်မြင်ချက်ကို ပြောဆိုဖို့ တောင်းခံလာပါတယ်။ ဝဲလ်ချ်ကိုဆက်ခံသူဟာ အောင်မြင်မှုရဖွယ်ရှိပါတယ် (Welch's Successor is likely to Succeed) လို့ ခေါင်းစဉ်တပ်ထားတဲ့ အက်ဆေးထဲမှာ "ဝဲလ်ချ်ဟာ သူနဲ့ခေတ်ပြိုင်စီအီးအိုတွေထက် သာလွန်ကောင်းမွန်တဲ့ အသိပညာအဆောက်အအုံကို တည်ဆောက်နိုင်ခဲ့ပါတယ်။ သူဟာ စီးပွားရေး လုပ်ငန်းသုံးဝေါဟာရအသစ်တွေကို တီထွင်ဖန်တီးခဲ့ပါတယ်" လို့ ကျွန်တော်က ထုတ်ဖော်ကြေငြာရေးသားခဲ့ပါတယ်။ ဒီထုတ်ဖော်ကြေငြာချက်ဟာ စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ စာအုပ်တစ်အုပ်အတွက် အခြေခံအုတ်မြစ်ဖြစ်လာစေခဲ့တဲ့ ဂျက်ဝဲလ်ချ်အနေနဲ့ အများဆုံးအသုံးပြုခဲ့တဲ့ စကားလုံး၊ ဝေါဟာရနဲ့ စကားစုပေါင်းမြောက်မြားစွာ ပါဝင်တဲ့ ယခုစာအုပ်ထွက်ပေါ်လာဖို့အတွက် မျိုးစေ့ချပေးခဲ့ပါတယ်။ တကယ်တော့ ကျွန်တော်ဟာ ဂျက်ဝဲလ်ချ်နဲ့ပတ်သက်ပြီး နှစ်နှစ်ကာကာ အတွင်းကျကျ စိတ်ဝင်စားခဲ့သူဖြစ်ပါတယ်။ ကျွန်တော်ဟာ ဆယ်စုနှစ်တစ်စုကြာသည့်တိုင်အောင် ဝဲလ်ချ်နဲ့ ပတ်သက်သမျှ အရာရာကိုလေ့လာစူးစမ်းခြင်း၊ ဂျီအီးရဲ့စီအီးအိုအကြောင်းရေးသားထားတဲ့ စာအုပ်လေးအုပ်ကို တည်းဖြတ်ခြင်းနဲ့ သူပြုစုပျိုးထောင်ခဲ့တဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံ (Culture) ကို လေ့လာသုံးသပ်ခြင်းဆိုတဲ့လုပ်ငန်းတွေကို လုပ်ဆောင်ပြီးတဲ့နောက်မှာတော့ ကျွန်တော့်ရဲ့နေ့စဉ်လုပ်ငန်းခွင်ဘဝထဲကို ဂျက်ဝဲလ်ချ်ရဲ့ အတွေးအခေါ်အယူအဆတွေဟာ မသိမသာစိမ့်ဝင်လာခဲ့ပါတော့တယ်။

McGraw-Hill စာအုပ်တိုက်မှာ ကျွန်တော် လေ့လာဖတ်ရှုတည်းဖြတ်ပေးခဲ့တဲ့ ဂျက်ဝဲလ်ချ်ဆိုင်ရာ စာအုပ်တွေဟာလည်း အတော်အံ့ဩဖွယ်ကောင်းလှပါတယ်။ အဲဒီစာအုပ်တွေဟာ ထွက်လာသမျှ တစ်အုပ်ထက်တစ်အုပ် ပိုမိုရောင်းကောင်းလာလိုက်တာဟာ မြောက်အမေရိကဒေသအတွင်းမှာသာ နယ်နိမိတ်ဘောင်ကန့်သတ်ထားလို့ မရနိုင်တာကိုတွေ့ရှိရပါတယ်။ စာအုပ်တွေကို သိန်းနဲ့ချီရောင်းချပြီး ကမ္ဘာတစ်ဝှမ်း ပျံ့နှံ့သွားလိုက်တာဟာ အင်္ဂလိပ်ဘာသာနဲ့သာမကဘဲ ဘာသာစကားပေါင်း တစ်ဒါဇင်နီးပါးနဲ့ ပြန်ဆိုထုတ်ဝေခဲ့ရပါတယ်။ ဝဲလ်ချ်ရဲ့ ဂလိုဘယ်လိုက်ဇေးရှင်း အစပျိုးလုပ်ဆောင်မှုရဲ့ကျေးဇူးကြောင့် ဂျီအီးကုမ္ပဏီရဲ့ လုပ်ငန်းခွဲတွေဟာ ကမ္ဘာ့နိုင်ငံပေါင်း ၃၂ နိုင်ငံမှာတည်ရှိကြပြီး အဲဒီနိုင်ငံအသီးသီးမှာ McGraw-Hill စာအုပ်တိုက်ရဲ့ ရုံးခွဲတစ်ခုစီ ဖွင့်လှစ်ထားတာကိုတွေ့ရှိရပါတယ်။

ဒီစာအုပ်ကိုရေးသားထုတ်ဝေဖို့ စိတ်ကူးဟာ ဝေါလ်စထရိဂျာနယ်မှာ ရေးသားဖော်ပြမှုပါရှိပြီးနောက် သုံးလအကြာမှာ ရရှိခဲ့တာဖြစ်ပြီး အဓိကသော့ချက်ကတော့ ငယ်စဉ်ဘဝ အမှတ်ရစရာတစ်ခုပဲဖြစ်ပါတယ်။ ကျွန်တော်ငယ်စဉ်က ကမ္ဘာ့စွယ်စုံကျမ်းစာမျက်နှာတွေကို လှန်လှောကြည့်ရှုခဲ့ရာမှာ အဲဒီစာအုပ်ကြီးကိုစီစဉ်သူတွေဟာ ဒီလောက်များပြားတဲ့ သတင်းအချက်အလက်တွေကို စာအုပ်ကြီးတစ်အုပ်ထဲမှာ အားလုံးပါဝင်အောင် ဘယ်လိုများရေးသားခဲ့ကြသလဲဆိုတာကို တအံ့တဩဖြစ်ခဲ့ရပါတယ်။ ကမ္ဘာ့စွယ်စုံကျမ်းစာအုပ်ဟာ စာဖတ်သူတွေကို မြောက်ပိုင်းမော်ရိုကိုရဲ့ ဆိပ်ကမ်းမြို့ဖြစ်တဲ့ တန်ဂီးယားနဲ့ အစ္စရေးနိုင်ငံရဲ့မြို့တော် ဂျေရုဆလင်တို့လို နေရာတွေဆီ ပို့ဆောင်ပေးရုံသာမကဘဲ အဲဒီဒေသတွေရဲ့ရာဇဝင်၊ မူလစတင်ပေါ်ပေါက်လာပုံ၊ အဲဒီဒေသရဲ့ထူးခြားမှု အစရှိတာတွေကိုပါ ပြောပြတာကိုတွေ့ရှိရပါတယ်။ အဲဒါကို ကျွန်တော်ပြန်ပြောင်း စဉ်းစားမိခဲ့ပါတယ်။ ဝဲလ်ချ်သုံးစွဲခဲ့တဲ့ ဘာသာစကားကို ကမ္ဘာ့စွယ်စုံကျမ်းရဲ့တင်ဆက်ပုံနဲ့ ပေါင်းစပ်လိုက်ခြင်းအားဖြင့် စာရှုသူတို့ဟာ ဂျီအီးကုမ္ပဏီကို ဆယ်စုနှစ် နှစ်ခုကြာ ခေါင်းဆောင်မှုပေးခဲ့ပုံကို ထူးခြားဆန်းသစ်စွာ လေ့လာဆည်းပူးနိုင်လိမ့်မယ်လို့ ကျွန်တော် စိတ်ကူးမိခဲ့ပါတယ်။

ဥပမာအားဖြင့် ယခုစာအုပ်ထဲမှာ ဆစ်ဂမာခြောက်ခု (ဝဲလ်ချ်ရဲ့ အရည်အသွေးဆိုင်ရာအစပျိုးဆောင်ရွက်ချက်) အကြောင်းလို ရှင်းလင်းဖော်ပြချက်တွေ ပါဝင်ရုံသာမကဘဲ အဲဒီအစီအစဉ်ရဲ့ အရင်းအမြစ်များ၊ အဲဒီအစီအစဉ်မှာလုပ်သားတွေပါဝင်ရတဲ့အခန်းကဏ္ဍ၊ အဲဒီအစီအစဉ်ရဲ့ တရွေ့ရွေ့တိုးတက်ပြောင်းလဲလာပုံ အစရှိတာတွေကိုပါ ပြည့်ပြည့်စုံစုံဖော်ပြထားပါတယ်။ ဒါ့အပြင် အဲဒီအကြောင်းအရာဆီက ရရှိတဲ့သင်ခန်းစာများကိုပါ ထည့်သွင်းဖော်ပြထားတာကြောင့် စာရှုသူများအနေနဲ့ သူ့ရဲ့အဖွဲ့အစည်းအတွက် လေ့လာဆည်းပူးထားသမျှကို အသုံးချနိုင်ကြမှာဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ ဝဲလ်ချ်ရဲ့ အဓိကသော့ချက်ကျတဲ့ 'မဟာဗျူဟာနဲ့ အစပျိုးလုပ်ဆောင်ချက်များ' နဲ့စပ်လျဉ်းတဲ့ရှုထောင့်အမြင်တွေကို တင်ပြထားပြီး ဝဲလ်ချ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သမျှကို လိုက်နာအတုယူဆောင်ရွက်နိုင်မယ့် လမ်းပြမြေပုံတစ်ခုကိုလည်း ပံ့ပိုးပေးထားပါတယ်။ ဒီစာအုပ်ကိုဖတ်ရှုပြီးတဲ့အခါမှာ စာရှုသူတို့ဟာ မီးရထားလမ်းပြတစ်ဦးရဲ့သားဟာ ဘယ်နည်းဘယ်ပုံ မျက်မှောက်ခေတ်ရဲ့ ကြီးမြတ်သော စီးပွားရေးခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့သလဲဆိုတာကို နားလည်သဘောပေါက်လာကြမှာဖြစ်ကြောင်း စကားဦးသန်းလိုက်ရကြောင်းပါ။ ။

ဂျက်ဖရီ အေ ကရိမ်း(စ်)